# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမမြောက်နေ့သို့ လာရောက်လေ့လာသည့် နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းအား တွေ့ဆုံ

နေပြည်တော်၊ စက်တင်ဘာလ ၂၅ ရက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမမြောက်နေ့သို့ လာရောက်လေ့လာသည့် နေပြည်တော် အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းအား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ ( C ) ဆောင်၊ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် လွှတ်တော်စနစ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုပုံအဆင့်ဆင့်နှင့် လွှတ်တော်၏လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ဆောင်ရွက်ချက်များကို ပြည်သူများပိုမိုသိရှိစေရန်အတွက် ဆောင်ရွက်နေမှုများနှင့် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း(၅)နှစ် စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် နိုင်ငံသားအားလုံး ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပိုမိုလုံခြုံစိတ်ချရသည့် လူနေမှုဘဝရရှိရေး အတွက် တည်ဆဲဥပဒေ များကို လေ့လာသုံးသပ်ခြင်းနှင့် လိုအပ်ပါက ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက် လျှက်ရှိသည့်ကိစ္စရပ်များအား အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော် အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ တက်ရောက်လာ သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်သို့ လေ့လာရေးလာရောက်သည့် Jasmine May ကိုယ်ပိုင်မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ လွှတ်တော်ပုံစံတူ (Mock Parliament) သရုပ်ပြအစီအစဉ်တစ်ရပ်အား ကျောင်းသား/ကျောင်းသူများကိုယ်တိုင် စိတ်ပါဝင်စားစွာ လက်တွေ့ပါဝင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံမိုဘိုင်းလုပ်ငန်းရှင်များအသင်းအား လက်ခံတွေ့ဆုံပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် 2026 CGC (Circuit Global Championship / China Global Championship)သို့ မြန်မာနိုင်ငံ ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်မည့် နည်းပညာရှင်လူငယ်(၄)ဦးအား အားပေးစကား ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**